# သတိပေးထုတ်ပြန်ချက်

ကြေငြာချက်အမှတ် (၂/၂၀၂၁)

ရက်စွဲ။ ၂၀၂၁ခုနှစ်၊ ဩဂုတ်လ (၆)ရက်

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဇိုဖေဒေသအတွင်းရှိပြည်သူများအနေဖြင့် အောက်ပါအချက်များကို လိုက်နာပေးပါရန် တိုက်တွန်းအပ်ပါသည်။

၁။ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များအား သတင်းပေးခြင်း၊ ညှိခံကျွေးမွေးခြင်း၊ ထောက်ပံ့ပူးပေါင်းခြင်းများလုံးဝမပြုလုပ်ရန်။

၂။ ဇိုဖေဒေသအတွင်း ကုမ္ပဏီများမှ စစ်ကောင်စီ၏တင်ဒါလုပ်ငန်းများ ဆောင်ရွက်ခြင်းလုံးဝမပြုလုပ်ရန်။ လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်း အမြန်ဆုံးရပ်တန့်ပေးရန်။

၃။ CDM ဝန်ထမ်းများအား ဖျားယောင်းသွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အလုပ်ပြန်ဝင်ရန်တိုက်တွန်းခြင်းများလုံးဝမပြုလုပ်ရန်။

၄။ ဇိုဖေဒေသအတွင်း သွားလာနေသည့် အိမ်စီးကား၊ ကုန်တင်ကားများအနေဖြင့် ခရီးသွားလာရာတွင် ကားမှန်များတင်ပြီး မိုးကာများအုပ်၍ မောင်းနှင်ခြင်းများ မပြုလုပ်ရန်။ ထိုသို့ မောင်းနှင်သွားလာမည်ဆိုပါက CDF – Zophei ထံသို့ ကြိုတင်အသိပေးရန်။

၅။ မလိုအပ်ဘဲ ဟားခါး၊ ထန်တလန်နှင့် တစ်ခြားနယ်ဝေးသို့ သွားရောက်လည်ပတ်ခြင်းမပြုလုပ်ပါရန်။ သွားရောက်လိုပါက CDF – Zophei ထံသို့သတင်းပို့ရန်။

၆။ အများပြည်သူလုံခြုံရေးအတွက် ရှောင်တခင် စစ်ဆေးမှုများရှိပါက ရိုသေစွာ ခံယူကြရန်။

၇။ စစ်ကောင်စီလက်အောက်တွင်တာဝန်ထမ်းဆောင်နေသော ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ အုပ်စုစာရေးများ၊ အခြားဝန်ထမ်းများအနေဖြင့် စစ်ကောင်စီနှင့်ပတ်သက်မှုများလုံးဝမပြုလုပ်ရန်။

၈။ ကပ်ဘေးရောဂါပြန့်နှံ့နေသည့် နေရာများမှ ဇိုဖေဒေသအတွင်းဝင်ရောက်ပါက quarantine (14) ရက်ဝင်ရန်။

အထက်ပါသတိပေးကြေငြာချက်အတိုင်း လိုက်နာမှုမရှိပဲ ကျူးလွန်ပါက CDF – Zophei မှပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်အပ်ပါသည်။

**ဆက်သွယ်ရန် - ၀၉၄၅၀၈၆၄၄၀၂**

**-၀၉၇၉၅၄၁၁၀၃၇**